
ရွှေဘုံခံ
ကဝေပျိုရဲ့ ချစ်သစ္စာ

စာရေးသူ ရွှေဘုံစံ

ဝတ္ထုအမည် ကဝေပျိုရဲ့ ချစ်သစ္စာ

အပိုင်း ၁

အမှောင်လွှမ်းခြုံ သန်းခေါင်ယံချိန်၌ ပိုးစုန်းကြူးများ မြူးတူးပျော်ပါးနေကြသည်မှာ ညအလှနှင့် လိုက်ဖက်လွန်းလှသည်။ လေပြည်နုတေးသံစဉ်လေးကို တောင်ရေကျသံတို့က တောတောင်၏ အလှကို ပံ့ပိုးနေသယောင်။ လပဝါညအခါမှ လှသကဲ့သို့ ကျေးငှက်တို့လည်း အိပ်ချိန်တန်။

"ချောက်"

ဒီတောဒီတောင်၏ ညအခါ တိတ်ဆိတ်မှုကိုသိသော ခင်ယဉ်ပျိုတစ်ယောက် တရားမှတ်နေရာမှ အသံလာရာသို့ နားစွင့်မိလိုက်သည်။

"အား ကျွတ် ကျွတ်"

လူတစ်ယောက်၏ ညည်းညူသံကြောင့် အနား၌ ထိုင်စောင့်နေသော ရွှေကံ့ကော် ညင်ညင်သာသာ ထသွားလေသည်မို့ ခင်ယဉ်ပျို ဆက်၍ တရားအာရုံ ပြုနေလိုက်သည်။

"အံမလေး မမရေ မမ လူ လူ လူတစ်ယောက်"

ရွှေကံ့ကော်၏ ထိပ်ထိပ်ပျာပျာ အကူအညီ အော်တောင်းသံကြောင့် ဘုရားရှင်အား ဦးချရှိခိုးကာ အိမ်ထဲမှအပြေးလေး ထွက်လာခဲ့လိုက်သည်။

"ဘာတွေများ ဖြစ်လို့လဲ ရွှေ အထိတ်တလန့် ရှိလိုက်တာ"

"မမ"

ခင်ယဉ်ပျို ထွက်လာသည်နှင့် အားကိုးတကြီး ပြေးလာကာ ဖက်ထား လေသော ရွှေကံ့ကော်။

"သွေး သွေး"

"အို"

အိမ်ရှေ့၌ အလေ့ကျ ပေါက်နေသော တောပန်းစင်ဘေးတွင် လဲကျနေသော လူသားတစ်ဦးကြောင့် ...

"မီးတိုင်ယူခဲ့ ကျွန်တော်ပျက်လိုက်တာ ရွှေထိန်းပါဦး"

"ဟုတ် ဟုတ် မမ"

အိမ်ထဲပြေးဝင်ကာ မီးတိုင်လေးကိုင်၍ ထွက်လာသော ရွှေကံ့ကော်၏ လက်ထဲမှ မီးတိုင်လေးကို လက်လွဲယူလိုက်သည်။

"မမ သတိထားဦး"

ရှေ့ဆက်လှမ်းမည့် ခင်ယဉ်ပျိုအား သတိပေးလိုက်သဖြင့် သဘောတကျ လေး ပြုံးကာ ...

"ရန်သူမဟုတ်ပါဘူး ရွှေ ... ဒီမှာနေခဲ့"

"ဟုတ်"

သတ္တိရှိသူပီပီ ခင်ယဉ်ပျိုတစ်ယောက် ထိုဒဏ်ရာရ သူစိမ်းအနား လျှောက်၍ သွားလိုက်သည်။

"ဟင်"

မီးရောင်နှင့် မြင်လိုက်ရသည်မှာ ထိုသူသည် ပြင်းထန်လွန်းလှသော ဒဏ်ရာများအား ခံနိုင်ရည်မဲ့ကာ လဲကျနေခဲ့ခြင်း ဖြစ်သည်။ သတိပင် မ ကပ်တော့ပေ။

"ရွှေ မီးလာယူ"

"ဟုတ် ဟုတ်"

လဲကျနေသည့် သူစိမ်းအား မနိုင်မနင်းတွဲ၍ ထူလိုက်ကာ ...

"ရွှေ တစ်ဖက်လောက်ကူ"

"ဟို ဟုတ် ဟုတ်"

ကြောက်လန့်သော်ငြားလည်း မမရှိနေသဖြင့် သတ္တိမွေး၍ ထို သူစိမ်း၏ လက်တစ်ဖက်ကို ဂုတ်ပေါ်သိုင်းကာ တွဲထူပေးလိုက်သည်။

ထိုသူစိမ်းအား အိမ်ထဲခေါ်လာ၍ ဒဏ်ရာများအား ကြည့်ရာ ...

"မမ သူက ဘာဖြစ်လာတာလဲဟင် တောကောင်နဲ့ သတ်ပုတ်လာတာ များလား"

ရွှေကုံ့ကော်၏ အမေးစကားကြောင့် ခင်ယဉ်ပျို ခေါင်းလေးငြင်သာစွာ ခါ၍ ...

"တောကောင်ကြီးနဲ့ မဟုတ်ဘူး ဒါက လူတွေကြောင့်ရတဲ့ ဒဏ်ရာတွေ ... အင်း ဒေါသ မောဟတွေနဲ့ မအေးချမ်းပါလား ... ရွှေ မမ ရေတစ်ဇလုံ လိုချင်တယ်"

"ဟုတ် မမ"

ရွှေကုံ့ကော် ထွက်သွားပြီး သိပ်မကြာလိုက်ပါ ရေဇလုံလေး ရေထ ည့်၍ယူကာ ဝင်လာသည်။

"ရပြီ မမ"

"ပေး"

အနားရှိ ချည်ပဝါလေးအား ရေဩစိမ်ကာ ထိုသူစိမ်း၏ မျက်နှာကို ရေစို

ဝတ်နှင့် သန့်စင်ပေးလိုက်သည်။

"ရွှေ မီးမွှေးထား ဆေးကျိုရမယ်"

"ဟုတ်"

သွေးများ ပေရေနေသည့် ထိုသူစိမ်း၏ မျက်နှာအား သန့်စင်ပေးပြီး နောက် မှိန်ပျပျ မီးရောင်ကြောင့် မြင်လိုက်ရသည့် ဝင်းမွတ်ချောမွေ့နေသည့် အသားအရေ။ ခင်ယဉ်ပျို ခေတ္တမျှ ငေးကြည့်နေမိခဲ့သည်။ ထူထဲနက်မှောင် လွန်းလှသည့် မျက်ခုံးအလှကြောင့် မှေးမှိတ်ထားသည့် မျက်လုံးအစုံကို မြင်တွေ့ချင် မိသည့်စိတ်က ဝင်ရောက်လာလေတော့ ရှက်စိတ်ပိုရသည်။

အတွေးများဖျောက်ကာ သွေးပေစွန်းနေသည့် အင်္ကျီအား ချွတ်မည့် ဟန်ပြင်ကာမှ လူကသွေးလေ မမှန်ချင်တော့ပေ။

ဒါဟာ ခင်ယဉ်ပျိုအတွက် ပထမဆုံး အမျိုးသားတစ်ဦးနှင့် တွေ့ဆုံရခြင်းဖြစ်သည်လေ။

"ဟူး"သက်ပြင်းချကာ ရှက်စိတ်ကိုပယ်၍ အင်္ကျီကို စတင်ချွတ်ပေးလိုက်သည်။

"အို"

ဝမ်းဗိုက်၌ ဓားဒဏ်ရာကြောင့် ရေစိုဝတ်လေးနှင့် အမြန်သန့်စင်ပေးလိုက်ပြီး ...

"ရွှေ မှိုခြောက်ယူခဲ့"

"ဟုတ် မမ လာပြီ"

မှိုခြောက်ဗန်းလေးယူ၍ ဝင်လာသော ရွှေ့လက်ထဲမှ ဗန်းလေးအမြန်ယူကာ မှိုခြောက်များ ခွဲလိုက်သည်။

"အို မမ ... ဒဏ်ရာတော်တော် ပြင်းတာပဲ"

"အင်း အဝတ်စည်းတစ်ခု လိုချင်တယ်"

"ဟုတ်"

အဝတ်ကြိုးလေးယူကာ ခင်ယဉ်ပျိုထံ ကမ်းပေးလေသည်။

ခင်ယဉ်ပျိုကတော့ ဒဏ်ရာအား ဆေးထည့်ပေးနေလေသည်။ ဆေးထည့်ပြီးသည်နှင့် အပေါ်၌ အဝတ်စည်းပေးလိုက်သည်။ တချို့သော ဒဏ်ရာများအား ဆေးထည့်ပေးလိုက်ပြီး စိတ်ချပြီဆိုမှ အပြင်ထွက်လာ၍ ဆေးကျိုပေးလေတော့သည်။

"မမ သူ မသေလောက်ပါဘူးနော်"

ဆေးစပ်နေသော ခင်ယဉ်ပျိုအား မေးခွန်းထုတ်လာသဖြင့် ခေါင်းလေးခါပြလိုက်သည်။

"မသေချာပေမဲ့ ကြိုးစားကုပေးရမှာပေါ့ ... ရွှေ"

"ရှင်"

"ဒီဆေးအိုးက ရတာနဲ့ ရေနွေးတစ်အိုး ထပ်တည်ထား ဒဏ်ရာပြန်ဆေးပေးရမယ်"

"ဟုတ် မမ"

ခင်ယဉ်ပျိုနှင့် ရွှေကုံ့ကော်၏ အထီးကျန် အိမ်ငယ်လေးသည် ညတွင်းချင်း ဆိုသလို ထိုသူစိမ်း အမျိုးသားကြောင့် ယောက်ယက်ခက်သွား လေတော့သည်။

ဆေးခွက်လေးယူ၍ အိမ်ထဲပြန်ဝင်လာပြီး အသိစိတ် ကင်းမဲ့နေသော ထိုလူအမျိုးသား၏ နှုတ်ခမ်းဝ၌ ဝါးပြားလေးတေ့ကာ ဆေးစက်ချပေးလိုက်သည်။ တစ်စက်တစ်စက်နှင့် ဆေးခွက်လေး ကုန်လုနီးလာ

သည်။

ထိုည တရားပျက်ရသည်။ နတ်မင်းများအားလုံးကို တောင်းပန်ပြီး မကြာလိုက်ပါ ပင်ပန်းလွန်း၍ ခင်ယဉ်ပိုျတစ်ယောက် ထိုနေရာ၌ပင် အိပ်ပျော်သွားခဲ့ လေတော့သည်။

***

"မမ အဲ့လူကခုထိ သတိမရသေးဘူး ဒီနေ့နဲ့ဆို ၄ညနဲ့ ၅ရက်ရှိနေပြီ ဆေးစွမ်းမထက်လို့များလား"

"အဲ့လိုတော့ မဟုတ်ပါဘူး သူကိုယ်ခံအား နည်းနေသေးတယ် နှလုံးကပုံမှန် ပြန်ဖြစ်လာပြီ မကြာခင် သတိရလာတော့မှာပါ အသိမကပ်သေးတာပဲရှိတော့တယ်"

"သြော်"

မမပြောသမျှ ဂရုတစိုက်လေး နားထောင်ရင်း အဝတ်များ လျှော်ဖွပ်နေသော ရွှေကံ့ကော်။

"အဟွတ် အဟွတ် ဟမ်း"

အိမ်ထဲမှ ချောင်းဆိုးသံကြောင့် ...

"ဟမ်"

ရွှေ့အနားမှ ထိုင်နေရင်း ရုတ်တရက် ထရပ်လိုက်သော ခင်ယဉ်ပို့ျ။

"သူသတိရလာပြီ"

ရေစပ်မှ တက်လာကာ အိမ်လေးဆီ အပြေးလာလိုက်သည်။

"အို"

ထိုလူသားက အိပ်နေရာမှပင် ထကာထိုင်၍ ပြတင်းတံခါး၌ ဟိုဒီ

လျှောက်ကြည့် နေလေပြီ။

ခင်ယဉ်ပျို အိမ်လေးထဲ အပြေးဝင်သွား၍ ...

"အရမ်းမလှုပ်ရှားနဲ့ လှုပ်ရှားလို့မရ ..."

"ချွမ်း"

"အို"

ခင်ယဉ်ပျို၏ စကားပင် မဆုံးလိုက်ပါ ထိုလူသားက ဓားအိမ်ထဲမှ ဓားကို ထုတ်၍ ခင်ယဉ်ပျို့နှလုံးအား ထောက်လာသည်။

"အသင်ဘယ်သူလဲ အဟွတ်"

"ကျုပ်က ရန်သူမဟုတ်ပါဘူး အမောင် အမောင့်လက်ထဲက ဓားကိုချပါ ကျုပ်ကအမောင်ရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့လူပါ ကျုပ်လိုမိန်းမသားက ဘယ်ရန်ကိုပြုလို့ ရပါလိမ့်မလဲ"

ခင်ယဉ်ပျိုဖျောင်းဖျ စကားဆိုလေမှ ထိုလူသားက ဓားသိမ်းသွား လေတော့သည်။

"အဟွတ် အဟွတ်"

ဆေးခွက်လေး အပြေးယူကာ ...

"ဒီဆေးတစ်ခွက်ကို သောက်ရပါဦးမယ် အမောင်"

ထိုလူသားက ခင်ယဉ်ပျိုအား သံသယမျက်လုံးနှင့် ကြည့်နေဆဲဖြစ်သည်မို့ ...

"အမောင် ဒီအိမ်ထဲမှာ သတိမေ့နေခဲ့တာ ၄ညနဲ့ ၅ရက်ရှိခဲ့ပါပြီ ဟော့ဒီဆေးတွေနဲ့ပဲ အသက်ဆက်ပေး ခဲ့ရတာပါ ကျုပ်ကဘာများ သံသယဝင်စရာ ကောင်းနေပါသလဲ"

"ဒါ ဒါက တိုင်းသစ်တည်မြို့တော် မဟုတ်လား"

"ဒါက ရွှေမြို့တော်နဲ့ တိုင်းသစ်တည်မြို့တော်ကြားက ခြားနေတဲ့ တောင်ပို့ပါ"

"အဟွတ်"

ထိုလူသား အနားကပ်ကာ ဆေးခွက်လေး ပေးလေတော့မှ ခေါင်းမာလွန်းလှသည့် သူစိမ်းက ဆေးကိုယူ၍ သောက်ချလိုက်လေတော့သည်။

"ဒါက တောင်ပို့ ဟုတ်လား"

ဆွေ့မြေ့စွာ မေးလာသော အသံကြောင့် ခင်ယဉ်ပို့ခေါင်းလေး ညိတ်ကာ ...

"ဟုတ်ပါတယ် အမောင်"

"မင်းသမီးလေး ... ဟား မင်းသမီးလေး"

ခင်ယဉ်ပို့၏ စကားအဆုံး ထိုလူသားက ထိုင်ရာမှထကာ မင်းသမီးဟုသာ တသသခေါ် နေလေတော့သည်။

"အ အား"

"အမောင် ဒဏ်ရာက မသက်သာသေးပါဘူး လှုပ်ရှားဖို့ ခက်ပါဦးမယ်"

ထိုလူသားအား လဲကျမည့်ဆဲဆဲ ခင်ယဉ်ပို့က ထိန်းပေးလေတော့ လက်ထဲမှရုန်းကာ ထွက်သွားလေတော့သည်။

"ဟို"

ယိမ်းထိုးကာ ထွက်သွားလေတော့ ခင်ယဉ်ပို့နောက်မှနေ၍ ရပ်သာကြည့်နေ မိတော့သည်။

"မမ သူသတိ ရလာပြီလား"

"အင်း"

"သူဘာဖြစ်လို့ ထွက်သွားတာလဲ သက်သာသေးတာလည်း မဟုတ်ဘဲ မမ မတားလိုက်ဘူးလား"

"တားလို့မရတဲ့သူကို လွှတ်ပေးလိုက်တာ အကောင်းဆုံး နည်းလမ်းပဲ ရွှေ"

"ဒါပေမဲ့ သူ့ဒဏ်ရာ မသက်သာသေးဘူးလေ မမ"

ကိုယ်ချင်းစာစိတ်လေးနှင့် သတိပေးလေတော့ ခင်ယဉ်ပို မှော် အတက်ကို အသုံးပြုရ လေတော့သည်။ မျက်စိလှည့်စားမည့် အတက်ကို ဤတောအနှံ့ ပတ်လည်ဖြန့်ချ လိုက်တော့သည်။ မိမိပိုင်နက်တစ်ခုလုံး မှော်အတက် ချပြီးသည်နှင့် ...

"ကျေနပ်လား ရွှေ"

မမက သူ၏ သနားကြင်နာတတ်မှုကို မပြသချင်တော့ ရွှေကံ့ကော်ထံ လွှဲချနေသည်မို့ ခပ်လှောင်လှောင်လေး ပြုံးကာ ...

"ဒါက မမကယ်ချင်မှ ဖြစ်တာပါနော် မှော်ပညာသုံးတဲ့ အထိပေါ့"

ရွှေကံ့ကော်၏ လှောင်သံလေးကြောင့် ...

"ဒီကောင်မလေး အကြီးကို မခန့်လေးစားနဲ့ အပြစ်လာပုံ ချနေတယ် ကျုပ်က ကယ်ချင်လှပါရဲ့လို့ ဆိုမိသလား ရွှေကကူပါကယ်ပါ တားပါဆို"

"မပြောမိပေါင်"

ပြောင်ကာပြေး၍ အိမ်ထဲဝင်သွားလေသော ရွှေကံ့ကော်။

ခင်ယဉ်ပို တစ်ယောက်ကတော့ တောလမ်းလေးကို ကြည့်၍သာ ပြုံးမိနေလေတော့သည်။ ပြီးမှ အိမ်ထဲပြန်၍ ဝင်လာလိုက်သည်။

"ရွှတ် ရွှတ် ရွှတ်"

အိမ်ရှေ့မှ ခြေသံကြောင့် ခင်ယဉ်ပို့ နှစ်ခြိုက်စွာ ပြုံးမိလိုက်သည်။

"မမ ဟိုလူပြန်လာပြီ ထင်တယ်"

"အို ကျုပ်အရေးမှ မဟုတ်ဘဲ"

မမက မျက်နှာလွှဲခဲပစ် ဆိုလေတော့ ရွှေကုံ့ကော်က အိမ်ထဲမှ ထွက်သွားလေတော့သည်။

"ဒီမှာအမိ ညကလည်း မှောင်တော့မယ် ကျုပ်ဒီတောထဲက မထွက်နိုင်ဘူး ဖြစ်နေတယ်"

"အမှောင်ရောက်တော့မယ့် ညနေအချိန်ကြီး အမောင့်လို အမည်မသိ သူစိမ်းတစ်ယောက်က မိန်းမသားဖြစ်တဲ့ ကျုပ်ကိုလမ်းပြ စေချင်တာလား အမောင်"

အထင်လွဲစေမည့် စကားကို တမင်ဆိုကာ ထွက်လာသော ခင်ယဉ်ပို့။

"ဟို အဲ့လိုတော့လည်း မဟုတ်"

စကားအဆုံး ထိုအမျိုးသားက အနီးပတ်ဝန်းကျင်ကို မျက်စိကစားပြီး ...

"ဒါနဲ့ အမိတို့နှစ်ဦးက ဒီတောထဲမှာ နေတာလား"

"ဘယ်ကမှန်းမသိ ဘာမှန်းမသိတဲ့ သူစိမ်းကမေးတဲ့ မေးခွန်းတွေအတွက် ကျုပ်တို့ အဖြေပေးလေ့ မရှိဘူး"

ခင်ယဉ်ပို့၏ ခပ်မာမာ လေသံကြောင့် ...

"ခက်ပါဘိ အမိရယ်"

အိမ်ခြေ၌ စိတ်ပျက်လက်ပျက် ဝင်၍ထိုင်ကာ သက်ပြင်းချနေသော ထိုလူသားကိုကြည့်၍ ခင်ယဉ်ပို့ ပြုံးသာပြုံးမိ နေတော့သည်။ ခင်ယဉ်ပို့အား ကြည့်၍ ပြုံးနေသူကတော့ ရွှေကုံ့ကော်။

တဖြည်းဖြည်းနှင့် နေအလင်းက ပုံးကွယ်သွားလေတော့ ညလမင်းက မော်ကြွားစွာကောင်းကင် ထက်ပြေး တက်လာလေတော့သည်။ နက်ပြာရောင် ညခင်းလေးအား ပိုးစုန်းကြူးများ စတင်အလှဆင် လေတော့ပြီ။ လေပြေ၏ ကလူကျီစယ်မှုတို့ကြောင့် ကချင်တိုင်းက လှချင်တိုင်း လှနေသည့် သစ်ရွက်တို့က လမင်းကြီးကို ဖျော်ဖြေနေသယောင်။

***

အပိုင်း(၂)

ကောင်းကင်ယံ ကြယ်တွေစုံတော့ ညအလှက ပိုပြည့်စုံနေလေတော့၏။ အိမ်နှင့်သိပ်မဝေးသော နေရာ၌ မီးပုံတစ်ခုလုပ်ကာ ရွှေကုံ့ကော်တစ်ယောက် ယသစ်ရွက်ခြောက်များ မီးရှို့နေသည်။

"အမောင် ညက အေးတယ် မီးလာလှုံချေ"

ရွှေကုံ့ကော်၏ အခေါ်စကားကြောင့် အအေးဒဏ်ကို အံတုမနေတော့ဘဲ မီးပုံရှေ့ငုပ်တုတ် ထိုင်ချလိုက်သည်။

"ဒါနဲ့ ဟို ဟို အိမ်ထဲက အမိက မီးမလှုံဘူးလား အရမ်းအေးနေတာကိုလေ"

"အင်း မမ တရားထိုင်နေပြီလေ"

"ဪ"

အနားရှိ သစ်ကိုင်းခြောက်များယူ၍ မီးဖိုပေးနေလိုက်သည်။

"အမောင့် အမည်က"

ရွှေကုံ့ကော်၏ မေးခွန်းလေးကြောင့် သစ်ကိုင်းခြောက်လေး မီးရှို့နေရာမှ ...

"သွေးစစ်မာန်"

"ကျုပ်က ရွှေကုံ့ကော်"

အမည်နာမများ မိတ်ဆက်ပေးပြီးသည်နှင့် ရွှေကုံ့ကော်က မီးသာဆက်ရှို့နေလေတော့သည်။

"အမိတို့က ဒီတောထဲမှာ ဘာကြောင့် လာနေထိုင်ရတာလဲ တောကောင်တွေလည်း ပေါလိုက်ပါဘိနဲ့"

မီးရောင်လေးကြောင့် ရိပ်ခနဲ မြင်လိုက်ရသည့် ရွှေကံ့ကော်၏အပြုံး။

"ကျုပ်ပြော မပြတတ်ဘူး ကဲ အမောင်ချမ်းနေသေးရင် မီးဆက်လှုံနေ ခဲ့ပေတော့ ကျုပ်အိပ်ရာ ဝင်တော့မယ်"

ရွှေကံ့ကော်ကတော့ မေးခွန်းအတွက် အဖြေမပေးဘဲ အိမ်ထဲ ဝင်သွားလေတော့သည်။

ကျုပ်စိတ်ထဲတွင် သိလိုစိတ် ပြင်းပျနေသည်က အမျိုးသမီး နှစ်ဦးတည်း ဒီတောကြီး မျက်မည်း၌ အဘယ်သို့ နေထိုင်ဝံ့ပါသလဲ။ ဒါတင်မက မည်သို့ အသက်ရှင်သန် ပါသလဲ။ ပဟေဠိများနှင့် ညနက်ခဲ့ရ လေတော့သည်။

တော၏ အလှသည်ကား တောင်ကျရေသံနှင့် ပိုးစုန်းကြူးလေး တို့သည်သာဖြစ်သည်။

***

မနက်ခင်း ဘုရားဆွမ်းတော်ကပ်ပြီး အိမ်ထဲမှ ထွက်လာသော ခင်ယဉ်ပို့ျ။

"ရွှေ"

"ရှင် မမ"

ရွှေကံ့ကော်အား အသံပြုရင်း အနောက်ဘက်ထွက်အလာ ...

"အို"

ထိုသူစိမ်း၏ လက်ထဲ၌ သွေးသံရဲရဲနှင့် ယုန်တစ်ကောင်ကြောင့် ခင်ယဉ်ပို့ျ မျက်နှာချက်ချင်း လွှဲပစ်လိုက်သည်။

ခင်ယဉ်ပို့ျ၏ ရရှိထားသည့် ဘွဲ့နှင့်သားသေကောင် သွေးတို့သည်

စပ်လျဉ်းလျက် ရှိသော်လည်း ယခုအခါ ခင်ယဉ်ပျိုသည် အထက်လမ်းကို ကျင့်နေသော သူတော်စင်တစ်ဦး ဖြစ်ပေတော့မည်မို့ အခိဌာန် မပျက်ချင်။

"အို မမ ..."

မမထံ စိုးရိမ်တကြီး ပြေးလာသော ရွှေကုံ့ကော်။

"တောင်းပန်ပါတယ်မမ ရွှေ ကြိုသတိ မပေးမိလိုက်ဘူး"

"နေပါစေ ရပါတယ် ပြီးရင်သာ သွေးညှိနဲ့ပျောက်တဲ့အထိ သန့်ရှင်း လိုက်ရင် ရသားပဲ"

"ဟုတ် ဟုတ်"

ခင်ယဉ်ပျို အိမ်ရှေ့ထွက်လာ ခဲ့လိုက်သည်။ အိမ်အနီးတစ်ဝိုက် သစ်ရွက်ခြောက်များ လှည်းကျင်းပြီး ပန်းပင်အချို့ ရေလောင်းနေလိုက်သည်။ သတ္တဝါအားလုံး မေတ္တာပို့ရင်း ခင်ယဉ်ပျို၏ မနက်ခင်းက လှပခဲ့ရသည်။

"မမ မနက်စာစားဖို့ အသင့်ဖြစ်ပါပြီ"

"အင်း လာပြီ"

အိမ်နောက်ဘက်သို့ ဆက်၍ လျှောက်လာလိုက်သည်။ စားပွဲပေါ်၌ လက်လက်ဆက်ဆက် ဟင်းရွက်များနှင့် သက်သက်လွတ် ဟင်းပွဲများသာ ရှိသည်။ ထမင်းစားပွဲ၌ ခင်ယဉ်ပျိုဝင်၍ထိုင်ကာ လက်ဆေးနေရုံ ရှိသေးသည် သူစိမ်အမျိုးသားက ယုန်ကင်ထားသည့် အကင်ကိုယူ၍ စားပွဲပေါ် တင်လိုက်သည်။

"အို အမောင်"

ရွှေကုံ့ကော်က တားမည့်ဟန် ပြင်နေသဖြင့် ခင်ယဉ်ပျိုက လက်လေး ကာကာ တားမြစ်လိုက်သည်။

"နေ နေ"

"ဟုတ်"

ထိုအမျိုးသားက ယုန်သားကိုဖဲ့ကာ ခင်ယဉ်ပျို့ပန်းကန်ထဲ ထည့်မည် အပြင် ...

"သုံးဆောင်ပါအမောင် ကျုပ် သက်သက်လွတ် အဓိဋ္ဌာန်မပျက် စေလို တာကြောင့် ငြင်းပါရစေ"

ချိုသာ ယဉ်ကျေးလှသည့် ခင်ယဉ်ပျို့အငြင်းစကားကြောင့် ရွှေကုံ့ကော် အား စားမလားဟု မေးဟန်ပါသည့် အကြည့်နှင့် ကြည့်လိုက်ရာ ခေါင်း လေးခါကာ ငြင်းရှာသည်။

"ဒဏ်ရာက သက်သာပါရဲ့လား အမောင်"

"သက်သာပါတယ် အမိရဲ့ကျေးဇူးကြောင့် တော်တော်သက်သာ လာပါ ပြီ"

"ချီးကျူး လွန်းနေပါပြီအမောင် ကျုပ်သိသလောက် ဆေးကုပေးရုံပါ"

"တကယ်တော်တဲ့ ဆေးပညာပါအမိ ကျေးဇူးတင်ပါတယ် သတိရလာ တဲ့နေ့က ရန်ပြုမိတာ အတွက်လည်း ကျုပ်ကပဲ တောင်းပန်ပါတယ်"

"ရပါတယ်အမောင် ကျုပ်အပြစ် မယူပါဘူး"

"သဘောထား ကြီးမားပါပေတယ် အမိ"

မနက်စာလေးဆက်၍ သုံးဆောင်ဖြစ်ခဲ့သည်။ ခဏတွင်းခြင်း ထို ထမင်းပွဲလေးက တိတ်ဆိတ် သွားလေတော့ပြီ။

အသားကို အရသာရှိရှိ စားသုံးနေသော ထိုသူစိမ်းကိုကြည့်၍ ခင်ယဉ် ပျို့ နှုတ်ပွင့်ရုံသာ ပြုံးမိလိုက်သည်။ စူးရှသည့် မျက်ဝန်းအစုံက ငြို့ဓာတ်ပါ လွန်းနေတော့ ခင်ယဉ်ပျို့ မနည်းရှောင်တိမ်း လိုက်ရသည်။

"ဒီတောက လူသူအလာ နည်းပါးတော့ လမ်းမပေါက်ဘူး အမောင် ...

ရွှေလည်း ရွာထဲသွား ဆန်ဝယ်ဖို့ ရှိနေလေတော့ ရွှေက လမ်းပြပါလိမ့်မယ် လိုက်ပါသွားပါ အဲဒီရွာကပျော်ရွာ ပျော်ရွာကနေ ၁ရက်လောက် ခရီးဆက်ပြီးတာနဲ့ ထနောင်းကုန်းရွာဆိုပြီး ရောက်ပါလိမ့်မယ် ထနောင်းကုန်းကနေ ၁၀ရက်တာ ခရီးဆက်မှ အမောင်သွားလိုတဲ့ တိုင်းသစ်တည်မြို့တော်ကို ရောက်ပါလိမ့်မယ်"

ထိုရက်အတွင်း ခင်ယည်ပို့ျတစ်ယောက် ပထမဆုံး စကားအများဆုံး ပြောဖူးခြင်းဖြစ်သည်။ စကားနည်းလွန်းသော ခင်ယည်ပို့ျအား ကျေးဇူးတင်စကား ဆို၍ ...

"ကျုပ်ကို သွားခွင့်ပြုပါဦး အမိ"

"ကောင်းပါပြီ လမ်းခရီးသာယာ ဖြောင့်ဖြူးပါစေလို့ ကျုပ်ဆန္ဒ ပြုပါတယ်"

ရွှေကံ့ကော်နှင့်အတူ ထိုအိမ်လေးမှစ၍ ထွက်လာလိုက်သည်။

နေ့တစ်ဝက်လောက် ရောက်သည်နှင့် ရွာထဲ စဝင်လေတော့ ...

"ဒါက ခုနက အမိပြောတဲ့ ပျော်ရွာဖြစ်မယ်"

"ဟုတ်ပါတယ်အမောင် ဒါကပျော်ရွာပါ အမောင်သွားလိုရာ သွားနိုင်ပါပြီ ကျုပ်ကို ခွင့်ပြုပါဦး"

ထိုနေရာမှစ၍ ရွှေကံ့ကော်က လမ်းခွဲကာ ထွက်သွားလေတော့သည်။ ရွှေကံ့ကော် ခေါင်းဦးပဝါကိုအုပ်ကာ မျက်လုံးပေါ်ရုံသာ ပဝါခြုံထားသဖြင့် သွေးစစ်မာန်ရပ်၍ ကြည့်မိ နေလိုက်သေးသည်။ ရွှေကံ့ကော် လမ်းချိုးလေးထဲကွေ့၍ ဝင်သွားလေတော့မှ လိုအပ်သည်များ ဝယ်ယူလို့ရနိုင်မည့် နေရာကို ရှာဖွေမိလိုက်သည်။

ထန်းရေဆိုင်တစ်ဆိုင် တွေ့လေပြီ သွေးစစ်မာန် ဝင်ရောက်၍ ထန်းရေ

တစ်အိုး မှာယူလိုက်ပြီး ...

"အသင်"

"ဘာများ ထပ်အလိုရှိပါသလို အသင်"

"ကျုပ် မြင်းတစ်ကောင် လိုချင်တယ် ဘယ်လိုလုပ်ရင် လွယ်လွယ်ကူကူ ဝယ်ယူလို့ ရနိုင်မလဲ"

"ဩော် ဒါများ မခက်ခဲပါဘူးအသင်"

ထိုမှစ၍ မြင်းဝယ်ရန် လမ်းညွှန်ပေးသည့်အတိုင်း လျှောက်လာလိုက်ပြီး မြင်းဈေးခင်း၌ စိတ်ကြိုက်ကြည့်၍ အလျင်အမြန် ဝယ်ယူလိုက်သည်။

မြင်းကွင်း၌ သုံးလေးပတ် ပတ်၍စီးပြီးကာမှ သဘောတွေ့သွား လေသည်မို့ ထိုနေရာလေးမှ စတင်ထွက်လာလိုက်သည်။

"စုန်းမဟေ့ ရွာထဲ အဝင်မခံလေနဲ့ မောင်းထုတ် မောင်းထုတ် ရွာနာတယ် မောင်းထုတ်"

မြင်းစီးလာသော သွေးစစ်မာန်တစ်ယောက် မြင်းဇက်ကြိုးကိုဆွဲ၍ ထိုလူအုပ်အနား လာလိုက်ရာ ...

"ဟာ ရွှေကုံ့ကော်"

ရွှေကုံ့ကော်အား ရွာသူရွာသားများက ခဲနှင့်ထု တုတ်နှင့်လိုက်ရိုက်ကာ အတင်းမောင်းထုတ် နေလေတော့ သွေးစစ်မာန် မြင်းကိုနှင်၍ ရွှေကုံ့ကော်ရှေ့ အရောက်လာလေတော့သည်။

"မောင်းထုတ်ကြဟေ့ မောင်းထုတ်"

"တက်"

ရွှေကုံ့ကော်ထံ လက်ကမ်းပေးကာ မြင်းပေါ်တက်စေ လိုက်သည်။ ရွှေကုံ့ကော်တစ်ယောက် မြင်းပေါ် အလိုက်သင့် ရောက်လာသည်နှင့် သွေးစစ်

မာန် အရှိန်ကိုတင်၍ မြင်းကို နှင်လေတော့သည်။

"ဟိုင်းယား"

ဆန်ထုတ်ကို လက်တစ်ဖက်နှင့် ထိန်းကာ မြင်းဇက်ကြိုးကို လက်တစ်ဖက်က ထိန်းရသေးသည်မို့ ...

"အမိ ကျုပ်လက်ကို သေချာကိုင်ထား"

"ဟုတ်"

ပို၍အရှိန်မြန်မြန် နှင်လာလိုက်သည်။ ခဏအကြာ ခင်ယဉ်ပျို၏ တောထဲက အိမ်လေးကို ရောက်ရှိလို့လာခဲ့သည်။ မြင်းပေါ်မှ ဆင်းလိုက်သော ရွှေကံ့ကော်၏ ခြေထောက်၌ ဒဏ်ရာ ရထားသည်မို့ သွေးစစ်မာန်က ထိန်းပေးလိုက်သည်။

"အို ရွှေ ... ဘာတွေများ ဖြစ်လာရတာလဲကွယ်"

အိမ်ထဲတွဲ၍ ဝင်လိုက်ပြီး ခင်ယဉ်ပျိုက ဆေးကို ပြင်ဆင်လိုက်သည်။

"မမ"

"ထိုင် ထိုင် ကျုပ်ဆေးထည့် ပေးပ့ါမယ်"

ရွှေကံ့ကော်၏ ဒူးခေါင်းထက် သွေးများသန့်စင် ပေးလိုက်ပြီး ဆေးခြောက် သိပ်ပေးလိုက်သည်။

"အား နာတယ်"

"ခဏ သည်းခံနော် ရွှေ ... လူတွေကလည်း သိပ်ကိုအယူသည်း အစွဲကြီးကြသကိုး"

ညည်းညူညူလေး ဆိုလိုက်လေသော ခင်ယဉ်ပျိုထံ သွေးစစ်မာန် အကြည့်ရောက်သွား လေတော့သည်။ နားသယ်စ၌ ဆံကေသာ နုနုများပါမကျန် သိမ်း၍တင်ကာ ထုံးထားသော ကေသာကြောင့် ကျက်သရေရှိကာ လှပနေ

သည့် မျက်နှာလှလှလေးသည် အပြစ်ဆိုဖွယ်ရာ မရှိ နူးညံ့နေလေတော့၏။ ရှည်လျား ကော့ညွတ်နေသော မျက်တောင်နက်တို့က မျက်ဝန်းဝိုင်းလေးကို တလေးတစား ခစားနေသယောင်။ စင်းဖြောင့်နှာတံ အလှမှာလည်း ဘေးတိုက်ကြည့်မှ တမူထူးခြား ပေါ်လွင်နေသည့် တောသူအလှကို တမေ့တမော ငေးမောရင်း မျက်တောင်ခပ်ဖို့ပင် ကျုပ်မှာ မေ့ခဲ့ရသည်။

"ရွှေ သက်သာသွားမှာပါ ခဏနားလိုက်နော်"

"ဟုတ် မမ"

ဆေးဗန်းလေးယူ၍ ခင်ယဉ်ပျို ထွက်လာလေတော့ သွေးစစ်မာန်ကပါ လိုက်ထွက်လာသည်။

"ဘာကြောင့်လဲလို့ ကျုပ်မမေးလိုပေမဲ့ သိချင်စိတ်ကြောင့် မေးလို့ရနိုင်မလား အမိ"

ဆေးဗန်းအချို့ နေပူထဲထုတ်ကာ လှန်းနေရင်း ...

"ဘာများ သိလိုပါသလဲ အသင်"ခင်ယဉ်ပျို မေးခွန်းထုတ်လိုက်သည်။

ခေါင်းလေးခါကာ ခင်ယဉ်ပျိုဆေးပန်း ရွေးနေသော အနား၌ သိပ်မနီးသည့် နေရာတွင် ဝင်ထိုင်လိုက်သော သွေးစစ်မာန်။

"ကျုပ်တို့ဘာကြောင့် ခုလိုတောကြီးထဲမှာ နေထိုင်နေသလဲ ဆိုတာကို ခုထိ သိချင်နေတုန်းပဲဆိုရင် ရွှေ့ကိုပဲ ကြည့်လိုက်ပါအမောင် ... ရွာထဲကနေ ဘယ်လိုပြေးထွက် လာရသလဲ ဘယ်လိုအသက်လု လာခဲ့ရသလဲဆိုတာ"

ရွာနှင်ခံထား ရသည်ဟုသာ အလွယ်တကူ သဘောပေါက် လိုက်ရသည်။

"ရွှေ့ကို ကူညီပေးခဲ့လို့ ကျေးဇူးတင်ပါတယ် အမောင်"

"တစ်ယောက်ကို အများက ဝိုင်းအနိုင်ကျင့်နေတယ် ဆိုတာမျိုးက ဘယ်လိုမှ အမြင်မသင့်ပေဘူး အမိ ... ကျုပ်က သွေးစစ်မာန်ပါ

ရွှေမြို့တော် ပြည့်ရှင်မင်းကြီးရဲ့ ညာလက်ရုံး ကိုယ်ရံတော် ကျုပ်ဖခင်က ရွှေမြို့တော် စစ်သေနာပတိ တိုင်းသစ်တည်နဲ့ စစ်ပြိုင်ရာက ကျဆုံးသွားပါပြီ"

"သြော် အမောင့်ခန္ဓာ ကိုယ်ပေါ်က ဒဏ်ရာတွေဟာ စစ်ရေးနိမ့်လို့ ရလာတဲ့ ဒဏ်ရာပေကိုး"

"မှန်ပါတယ် ကျုပ်တို့တိုင်းပြည်က မင်းသမီးကို ခေါ်ဆောင်သွားခံရတဲ့ သတင်းဟာ တခြားတိုင်းပြည်က ပြည့်ရှင်တွေ အထင်သေးလာတဲ့အထိ ယိုင်နဲ့ခဲ့ပါပြီ ကျုပ်က မင်းသမီးလေးကို ကယ်တင်ရန် တိုက်ခိုက်ရင်း ခုလို ဒဏ်ရာ ရလာခဲ့တာပါ"

ရဲစွမ်းသတ္တိ အပြည့်ရှိသည့် သွေးစစ်မာန်အား ကျုပ်ငေးလို့သာ ကြည့်နေမိတော့သည်။ တိုင်းပြည်အတွက် အသက်တောင် ပေးဆပ်ရဲသည့် သစ္စာသိရဲမက်အား စိတ်တွင်း၌ ချီးကျူးဂုဏ်ပြု မိလိုက်သည်။

ဒီလိုနဲ့စကား စကာရင်းနှီးလာသည်ဟု ထင်ရသည့် အခြေအနေကို ရောက်ရှိလာခဲ့သည်။

"ဒီအတောအတွင်း ကူညီခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ် အမိခင်ယဉ်ပို့ ကျုပ်အခါအခွင့်သင့်ရင် ကျေးဇူးဆပ်ချင် ပါသေးတယ် ခွင့်ပြုပါဦး"

"ကောင်းပါပြီ အမောင် ဘေးကင်းပါစေ"

တောင်းတင်း လွန်းလှသည့် ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် လိုက်ဖက်စွာ ခန့်ခန့်ညားညား လမ်းလျှောက်ကာ မြင်းပေါ်တက်၍ နှုတ်ဆက်ထွက်ခွာ သွားလေတော့သည်။

သွေးစစ်မာန် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်ထိ ရပ်၍ကြည့်နေ

မိခဲ့သည်။

တွေ့ဆုံရသည်ဟာ ခွဲခွာရန် အနာလာပေးခြင်း ဖြစ်ပေသည် မဟုတ်လား။ ခေတ္တနားခို သူအတွက် ဒီရင်ဟာ အနာတရတွေဖြစ်ကာ ကျန်ခဲ့ရလျှင် လူရယ်စရာ ဖြစ်ပေတော့မည်။

***